

# ပလက်ဝမြို့နယ်
# လူထုအကြံပြုအစည်းအဝေးမှ အစီရင်ခံခြင်း

ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်
(၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၄ ရက်)

KIMO
Research Centre

# မိတ်ဆက်

ကီမိုအင်စတီကျူးသည် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် အတွင်းရှိ ပြည်တွင်းပြည်ပရောက် ပလက်ဝလူထုအခြေပြုအဖွဲ့အစည်းများ၊ သတင်းမီဒီယာအဖွဲ့များနှင့် ကျောင်းသားလူငယ်အဖွဲ့ စုစုပေါင်း (၇) ဖွဲ့၏ ခေါင်းဆောင်များနှင့် တွေ့ဆုံပြီးပလက်ဝ မြို့နယ်အတွင်းလူထု များကြုံတွေ့ခဲ့သော အခက်အခဲများကို (၃) ရက်တာဆွေးနွေးခဲ့ သည်။ ၎င်းဆွေးနွေးချက်များကို အခြေခံ၍ ဤအစီရင်ခံစာအား ထုတ်ပြန်လိုက်ပါသည်။

# အပိုင်း (၁)
# ပလက်ဝမြို့နယ်၏ နောက်ခံနှင့် လက်ရှိအခြေအနေ

## ၁။ ပလက်ဝမြို့နယ်နှင့် ခူမီးမျိုးနွယ်စုများ

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် ချင်းလူမျိုး၊ ရခိုင်လူမျိုး၊ ဗမာလူမျိုးနှင့် အခြားတိုင်းရင်းသားများ နေထိုင်သည်။ ၎င်းတို့အနက် ခူမီးချင်းမျိုးနွယ်စုများသည် အများစုဖြစ်ပြီး ခူမီးမျိုးနွယ်စုဝင် (၁၈) ခုဟုဆိုသော်လည်း ကုလားတန်မြစ်တလျှောက်တွင် နေထိုင်သော ခူမီးမျိုးနွယ်စုများသည် မျိုးနွယ်စုဝင် (Clan) ၁၂ ခုသာရှိကြောင်းလက်ခံမှုများလည်းရှိသည်။ မျိုးနွယ်စုဝင် (Clan) ကို သတ်မှတ်ရာတွင် ဆမီးနယ်နှင့် ပလက်ဝနယ်အတွင်းရှိ ခူမီးမျိုးနွယ်စုများ၏ ချဉ်းကပ်မှုပုံစံသည် ကွဲပြားပြီး ဆမီးနယ်တွင် ဘာသာစကား (Dialect) အပေါ်တွင် အခြေခံကာ၊ ပလက်ဝ နယ်တွင်မူ ယခင်တွင်သတ်မှတ်ခဲ့သော မျိုးနွယ်စုဝင် (၁၂) မျိုးပုံစံဖြင့်ချဉ်းကပ်သည်။

ထူးခြားချက်အနေဖြင့် ခူမီးမျိုးနွယ်စုများအကြား ခူမီးဟုခံယူရန် ခက်ခဲစေသောအကြောင်းအရင်းများတွင် ခူမီးသည် ကုလားတန် (ပလက်ဝ) နယ်မှ ခူမီးမျိုး နွယ်စုများက အပိုင်ကဲ့သို့ယူဆခြင်း၊ အထူးသဖြင့် စာပေကိစ္စတွင် ကုလားတန်ခူမီးစကားတစ်ခုတည်း

ကိုသာ ခူမီးစကားအဖြစ်ခေါ်ဆိုခြင်းသည် အဓိကဖြစ်ခဲ့သည်။ ခူမီး မျိုးနွယ်စုများအတွင်း စကားအားဖြင့်တူညီမှုရှိသော်လည်းအသံ ကွဲပြားမှုအနည်းငယ် ရှိသောကြောင့် ဘုံစကားတစ်ခုထားရှိရန် လိုအပ်သည်။ အချို့မျိုးနွယ်စုဝင်များသည် ဘုံစကားထားရှိလျှင် ၎င်းတို့၏ မူလဘာသာစကား ပျောက်ကွယ် မည့်အန္တရာယ်ကို လည်းစိုးရိမ်မှုများရှိနေသည်။ သို့သော် ၎င်းတို့အကြားဘုံဘာသာ စကားမရှိမှုသည် အခြားသောလူမျိုးများ၏ ဘာသာစကားလွှမ်းမိုး မှုကိုခံနေရသောကြောင့် အချင်းချင်းကြားတွင် ဆက်သွယ်မှုပိုမို ခက်ခဲစေခဲ့သည်။ ခူမီးမျိုးနွယ်စုအတွင်း စာပေအသင်း (၉) ခုရှိပြီး ၎င်းစာပေအသင်းများအကြား နှင့် မျိုးနွယ်စုများအကြားသဘော ထားကွဲလွဲမှုရှိနေသည်။ တဖက်တွင်မျိုးနွယ်စုဝင် (Clan) ကို အမျိုးမျိုးသတ်မှတ်ကြသော် လည်း မိသားစုဝင် (အစိုင်-family) များသည် ၎င်းသတ်မှတ်ထားသော မျိုးနွယ်စုဝင်များတွင် ပျံ့နှံ့ရော ထွေးနေသည်ကိုတွေ့ရသည်။ ထူးခြားချက်အနေဖြင့် မျိုးနွယ်စုဝင် အတွင်းရှိအစိုင် (Family) အုပ်စုများ၏ အခေါ်အဝေါ်သည် တနေရာနှင့် တနေရာမတူပေ။ အထူးသဖြင့်ဆမီးနယ်အတွင်းရှိ အစိုင် (Family) အုပ်စုအခေါ် အဝေါ် နှင့် ပလက်ဝနယ်ရှိ အခေါ် အဝေါ်သည်အစိုင် (Family) အုပ်စုတူသော်လည်း ဒေသအလိုက် အခေါ်အဝေါ်ပြောင်းလဲမှုရှိသည်။ ဥပမာအာလုံးစိုးအစိုင်သည်

ဆမီးဒေသတွင်ခေါ်ဝေါ်ကြပြီး ပလက်ဝဒေသတွင်ဌင်းကို ဝေလုံး အစိုင်ဟုခေါ်ဝေါ်ကြသည်။

ပလက်ဝမြို့နယ်တွင် နတ်ကိုးကွယ်မှုကို ဒိုင်းနက်လူမျိုးနှင့် အခြား လူမျိုးစုများအကြားတွင်တွေ့ရပြီး ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာ နှင့် အစ္စလာမ်ဘာသာကိုးကွယ်သူများရှိသည်။ ကိုးကွယ်ယုံကြည်မှု နှင့် ပတ်သက်၍သုတေသနစာတမ်း၊ ဆောင်းပါးများလည်း အားနည်းနေသည်။

# အပိုင်း (၂)
# မီဒီယာနှင့် မှတ်တမ်းတင်မှု

၂။ မီဒီယာလွပ်လပ်ခွင့်နှင့် ပလက်ဝမြို့နယ်

ပလက်ဝမြို့နယ်၏ အခြေအနေအား မိမိတို့ဒေသခံများက ကိုယ်တိုင်ကိုယ်ကျဖော်ထုတ်ရန် အားနည်းနေသောကြောင့် ၂၀၁၂ ခုနှစ်တွင် Khumi Media Group ကိုစတင်တည်ထောင် ခဲ့ပြီး ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် ရပ်နားခဲ့သည်။ ၂၀၂၄ နိုဝင်ဘာလတွင် ၎င်းမီဒီယာကို ပြန်လည်စတင်ခဲ့သော်လည်း ငွေကြေး၊ နည်းပညာ၊ ဆက်စပ်ပစ္စည်းများနှင့် လူငယ် များ၏ စိတ်ဝင်စားမှုနည်းပါးမှု စသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ပလက်ဝမြို့နယ်တွင် မီဒီယာကျင့်ဝတ်ကို စနစ်တကျလိုက်နာသော မီဒီယာနည်းပါးသည်ကိုတွေ့ရသည်။ ၎င်းအပြင်ပြည်သူလူထုများ အနေဖြင့်လည်း သတင်းလွတ်လပ်ခွင့်ရှိစေရန် ပူးပေါင်းပါဝင်လို လားမှုမရှိသည်ကို တွေ့ရသည်။ ပလက်ဝမြို့နယ်အခြေပြု Khumiland News, Khumi Media Group, နှင့် KIMO Media များအနေဖြင့်လည်း သတင်းရယူရာတွင် ပြည်သူလူထုများသည် လုံခြုံမှုမရှိဟုခံစားသောကြောင့် သတင်းအချက်အ လက်ပြောပြ ရန် စိုးရိမ်မှုရှိနေသည်။

ပလက်ဝပြည်သူလူထု၏ အသံကိုဖော်ထုတ်ရန် တော်လှန်ရေး လက်နက်ကိုင် အဖွဲ့များထိန်းချုပ်ထားသောနယ်မြေများအတွင်း သတင်းလွတ်လပ်ခွင့်ဆိုင်ရာ သင်တန်းများ၊ ဟောပြောပွဲများပို့ချရန်လိုအပ်သည်။

ပလက်ဝမြို့နယ်အတွင်းရှိ အဖွဲ့အစည်းများနှင့် မီဒီယာကဏ္ဍတွင် အမျိုးသမီးများ၏ ပါဝင်မှုအလွန်အားနည်းနေသည် ကိုတွေ့ရသည်။ လုံခြုံရေးဆိုင်ရာစိုးရိမ်မှုနှင့် မိသားစုဝင်များ ၏ ကန့်သတ်မှုများကြောင့် အမျိုးသမီးပါဝင်မှုအားနည်းနေခြင်းဖြစ်သည်။

# အပိုင်း (၃)
# ကြားကာလခူမီးမျိုးနွယ်စုများရေးရာအတိုင်ပင်ခံကောင်စီ (IKACC) နှင့် ပလက်ဝမြို့နယ်

၃။ ခူမီးမျိုးနွယ်စုများ၏ နိုင်ငံရေးအရွေးနှင့် ပလက်ဝမြို့နယ်

၂၀၁၈ ခုနှစ်အတွင် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ခူမီးဖိုရမ်များကို ဇုန်နယ် (၈) ခုဖြင့်ဖွဲ့စည်းကျင်းပခဲ့ပြီး ပလက်ဝမြို့နယ်အရေးကို ဆွေးနွေးခဲ့ကြ သည်။ ၎င်းနောက် ခူမီးအရေးပေါင်းစပ်ညှိနှိုင်းရေးကောင်စီ (KACC) ကိုဖွဲ့စည်းခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် KACC ကို IKACC အဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ IKACC အနေဖြင့်လူထုစည်းရုံးရေး၊ အဖွဲ့အစည်းခိုင်မာအောင်တည်ဆောက်ရေး၊ မူဝါဒရေးဆွဲရေး၊ မဟာမိတ်ဆက်ဆံရေး၊ သုတေသနနှင့် အသိပညာဖြန့်ဝေရေးတို့ပါဝင်သည်။ ၂၀၂၁ ခုနှစ်နောက်ပိုင်း ပြင်ဆင်သည့် IKACC Charter အရခူမီးအရေးကိစ္စများကို ပိုမိုကျယ်ပြန့်စွာဆွေးနွေးနိုင်ရန် တတိယအကြိမ်ခူမီးဖိုရမ်ကျင်းပရမည်ဟု ဖော်ပြထားသည်။

တဆက်တစပ်တည်းတွင် ပလက်ဝမြို့နယ်အတွင်း စည်းလုံးညီညွတ်ရေးကိုဖော်ဆောင်ရာတွင် ခူမီးမျိုးနွယ်စုများအကြား ဘုံအမှတ်လက္ခဏာတည်ဆောက်ရေး၊ ဘာသာစာပေတစ်ခုချင်းစီ ၏

စာပေနှင့် ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားခြင်းဖြင့် မျိုးနွယ်စု ဘုံဘာသာစကားကိုသတ်မှတ်ရန် လိုအပ်သည်။

# အပိုင်း (၄)
# အကြံပြုချက်များ

(၁) ခူမီးမျိုးနွယ်စုများနှင့် ပလက်ဝမြို့နယ်အတွင်းအသုံးပြုရန် ဘုံဘာသာစကားသတ်မှတ်နိုင်ရေးကို သက်ဆိုင်ရာစာပေ၊ လူထု၊ လူငယ်နှင့် ဘာသာရေးခေါင်း ဆောင်များ အကြားဆွေးနွေးရန်၊

(၂) မျိုးနွယ်စုသတ်မှတ်ရာတွင် အစိုင် (Family) အုပ်စုများကို စနစ်တကျလေ့လာပြီး မျိုးနွယ်စုဝင် (Clan) ကိုသတ်မှတ် ရန်နှင့် စနစ်တကျသုတေသနပြုရန်၊

(၃) ခူမီး နှင့် ခမိ တို့သည် တူညီသောအဓိပ္ပါယ်ရှိသောကြောင့် ခူမီး (ခမီး) ဟုနှစ်မျိုးလုံးအသုံးပြုရန်၊

(၄) အမျိုးသမီးပါဝင်မှုအားနည်းနေမှုကို စနစ်တကျလေ့လာ ပြီး ဒေသတွင်းလှုပ်ရှားမှုများမြှင့်တင်ရန်၊

(၅) ခူမီးမျိုးနွယ်စုအတွင်း ဘုံနှင့် စည်းလုံးမှုကိုရှာဖွေခြင်းသည် အခြားလူမျိုးများအားရန်ပြုခြင်း၊ ဘေးဖယ်ခြင်း၊ ချန်လှပ်ခြင်း ပြုရန် မဟုတ်ပေ။